International Shwe Han Thar Ariya Dhamma Center
Eiddhipala Mountain, Near 115-Mile Post,
(Yangon-Nay Pyi Taw Expressway),
Phyu Township, Bago Region, Myanmar.
Phone: +95 9 952077017

**လေးစားရပါသောအလှူရှင်ကြီးများထံ**

နိုင်ငံတကာမှ ခေါင်းဆောင်ကြီးများ၊ အလှူရှင်ကြီးများနှင့် လူကြီးမင်းများအားလုံးကို မင်္ဂလာပါဟု ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါသည်။

ကျွန်ုပ်၏အမည်ကတော့ မြန်မာနိုင်ငံမှ ဗုဒ္ဓသားတော်၊ သာသနာ့ဝန်ထမ်းနှင့် စာရေးဆရာ တစ်ပါးဖြစ်သည့် အရှင်ဣဒ္ဓိပါလ ဖြစ်ပါသည်။ ယနေ့ ကမ္ဘာကြီးတွင် ကြုံတွေ့နေရသော အမှန်တရားတစ်ခုနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လိုအပ်ချက်တစ်ခုကို မိမိအနေဖြင့် မီးမောင်းထိုးပြလိုပါသည်။

ကျွန်ုပ်တို့ နေထိုင်ရာ ကမ္ဘာမြေပေါ်တွင် နိုင်ငံ၊ လူမျိုး၊ ဘာသာနှင့် အယူဝါဒများ မတူညီကြသော်လည်း၊ လူသားအားလုံး၏ ဆင်းရဲဒုက္ခကို မလိုလားဘဲ ငြိမ်းချမ်းမှုကို အလိုရှိကြသည့် စိတ်ခံစားချက်မှာ အတူတူပင် ဖြစ်ပါသည်။ သို့သော် အယူဝါဒနှင့် ခံယူချက်မတူညီမှုများ၏ အဆုံးသတ်တွင် ပြည်တွင်းစစ်များနှင့် ဘေးဒုက္ခများကို ရင်ဆိုင်ကြရပြီး၊ ယင်း၏ ဆိုးကျိုးကို အပြစ်ကင်းစင်သော မျိုးဆက်သစ် ကလေးသူငယ်များက အဓိက ခံစားနေကြရပါသည်။

စစ်ဘေးရှောင် ဒုက္ခသည်ဘဝဖြင့် အချိန်ကြာမြင့်လာသည်နှင့်အမျှ ကလေးငယ်များသည် ပညာသင်ကြားရမည့် အရွယ်တွင် ပညာမသင်ကြားရဘဲ အနာဂတ် ပျောက်ဆုံးနေကြရပါသည်။ ပညာမဲ့ ကလေးငယ်များ များပြားလာခြင်းသည် အနာဂတ် တိုင်းပြည်အတွက် အသိပညာရှင်၊ အတတ်ပညာရှင်နှင့် ခေါင်းဆောင်ကောင်းများ ဆုံးရှုံးရုံသာမက၊ လူမှုရေး ပြဿနာနှင့် ရာဇဝတ်မှု များကိုပါ ပိုမိုများပြားကြုံစုံလာစေမည် ဖြစ်ပါသည်။

လက်ရှိတွင် ကမ္ဘာတစ်ဝှမ်း၌ ရောဂါဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး၊ သဘာဝဘေး အန္တရာယ်များနှင့် စစ်ဘေးဒုက္ခများ ဆင့်ကဲကြုံတွေ့နေရပြီး၊ ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် အခြား နိုင်ငံများထက် ပိုမိုဆိုးရွားစွာ ခံစားနေရသည်ကို ကမ္ဘာက သိရှိပြီးဖြစ်ပါလိမ့်မည်။ ထိုဘေးဒုက္ခ များထဲတွင် အဆိုးဝါးဆုံးမှာ ပြည်သူများ၏ "စိတ်ဓာတ်ကျဆင်းမှု" ပင် ဖြစ်ပါသည်။

ထို့ကြောင့် မိမိအနေဖြင့် စွမ်းနိုင်သမျှ ကူညီဆောင်ရွက်ရန် "လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စိတ်ဓာတ်မြှင့်တင်ရေးနှင့် ယဉ်ကျေးလိမ္မာသော နိုင်ငံ သားကောင်း၊ သမီး ကောင်းများ ပေါ်ထွန်းလာစေရေး" ကို ဦးတည်သည့် ပညာရေးမြို့တော် (Education City) စီမံကိန်းကြီးကို တည်ထောင်ရန် သန္နိဋ္ဌာန်ချမှတ် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါသည်။ "ကရုဏာတရားနှင့်

ပညာရေးတွင် လူမျိုး၊ ဘာသာနှင့် အယူဝါဒ ခွဲခြားမှု မရှိရပါ။" ကလေးငယ်တစ်ယောက်ချင်းစီ၏ ပညာရေး၊ ဘေးကင်းလုံခြုံရေးနှင့် အနာဂတ်ဘဝ ကောင်းမွန်ရေးသည် ကမ္ဘာပေါ်တွင် အမွန်မြတ်ဆုံးသော ကုသိုလ်လုပ်ငန်း ဖြစ်သည်ဟု ကျွန်ုပ်ယုံကြည် ပါသည်။

ကျွန်ုပ်တည်ထောင်မည် ပညာရေးမြို့တော် စီမံကိန်းတွင်ကျောင်းသား/ကျောင်းသူ ပေါင်း ၂၀,၀၀၀ (နှစ်သောင်း) အထိ လက်ခံသွားပါမည်။ အလယ်တန်းနှင့် အထက်တန်း ပညာရပ်များကို ကျောင်းအိပ်ကျောင်းစားစနစ်ဖြင့် အခမဲ့ (ပညာဒါန) ဆုံးခန်းတိုင် အောင်သင်ကြားပေးသွားမည့် အစီစဉ်ဖြစ်ပါသည်။ ဤကြီးမားသော စီမံကိန်းကြီး၏ ခန့်မှန်းကုန်ကျစရိတ်မှာ အမေရိကန် ဒေါ်လာ ၂၁၀ သန်း (USD 210 Million) ခန့် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်ကြီးများ၊ ပရဟိတ စိတ်ဓာတ်ရှိကြသော သူဌေးမင်းများနှင့် အလှူရှင်ကြီးများ အားလုံးကို ဤနေရာမှနေ၍ လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။ လူကို လူအဖြစ် ရှုမြင်ပြီး လူသားချင်းစာနာမှု အပြည့်ဖြင့် မိမိတို့ တတ်နိုင်သမျှ စေတနာဆန္ဒအလျောက် ပါဝင်လှူဒါန်း နိုင်ကြပါသည်။

ကမ္ဘာတဝှမ်းတွင် လူမှုအကျိုးပြုလုပ်ငန်းများကို ပံ့ပိုးကူညီနေကြသော အလှူရှင်ကြီး များ၏ မွန်မြတ်လှသော စေတနာနှင့် ကုသိုလ်ပါဝင်မှုများကို ကျွန်ုပ်တို့အားလုံးက မျှော်လင့်စောင့် ကြိုလျက်ရှိပါသည်။

လူကြီးမင်းများအားလုံး ဘေးရန်ကင်းကွာ၍ ကိုယ်စိတ်နှစ်ဖြာ အေးချမ်းကြပါစေ။

လေးစားစွာဖြင့်


Ashin Eiddhi Pala
Founder of Eiddhipala Education City
Meditation Master & Author
International Shwe Han Thar Ariya Dhamma Center
Eiddhipala Mountain, Near 115Mile Post
(Yangon-Nay Pyi Taw Expressway),
Phyu Township, Bago Region, Myanmar
Gmail - ashineiddhipalasayar2@gmail.com
Phone: +95 9 952077017